EMReF Enlightened Myanmar Research Foundation ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၆၉

ဒီဇင်ဘာ ၁၁ ရက်၊ ၂၀၁၈

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရေး ပြည်သူ့ကြားနာပွဲ ကျင်းပ

**ဒီဇင်ဘာ ၉ ၊ ၂၀၁၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥပဒေ၊ နည်းဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးဆွဲနိုင်ရေး ပြည်သူ့ကြားနာပွဲ အခမ်းအနား (တတိယနေ့)ကို ဒီဇင်ဘာလ ၉ ရက်က မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံးသဘင်ဆောင်ခန်းမတွင်ကျင်းပရာမန္တလေးတိုင်းဒေသ ကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့တော်စည်ပင်သာယာ ရေး ကော်မတီဌာနမှူးများ၊ လွှတ်တော်ရုံး အရာထမ်း၊ အမှုထမ်းများ၊ CSO များ၊ လေ့လာသူများနှင့် မီဒီယာများ တက်ရောက်ခဲ့ကြသည်။ အဆိုပါအခမ်းအနားတွင် လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့်စည်ပင်သာယာ ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်မိုးမှ ကြားနာပွဲကျင်းပရခြင်း အကြောင်းရင်းနှင့် အစီအစဉ်အကျဉ်းချုပ်ကို ရှင်းလင်းပြောကြားခဲ့ ပြီး ဈေးနှင့်သားသတ်ဌာနမှူးနှင့် အခွန်ဌာနမှူးတို့မှ ကြားနာပွဲ(ပထမ နေ့)နှင့် (ဒုတိယနေ့)များတွင် ပြည်သူများ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက်လွှတ်တော်ကော်မတီ (၂) ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များက ဈေးနှင့်သားသတ်ဌာနမှူးနှင့် အခွန်ဌာနမှူးတို့အား ကြားနာပွဲ(ပထမနေ့)နှင့်(ဒုတိယနေ့)များတွင် ပြည်သူများ တင်ပြခဲ့သော ဈေးနှင့်သားသတ်ဌာန နှင့်သက်ဆိုင်သည့် ကိစ္စရပ်များအား ဆွေးနွေးမေးမြန်းခြင်းနှင့် ဌာနမှူးများမှ ပြန်လည် ဖြေကြားခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ကိုးကား:- Mandalay Region Hluttaw Facebook Page)**

## ဌာနဆိုင်ရာအဆောက်အဦများ ဆောက်လုပ်မှုတွင် အရည်အသွေးနှင့် စံချိန်စံညွှန်း စစ်ဆေးမှုအတွက် မေးခွန်းထုတ်




**ရောဝတီတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်မိုးဝါ။ ဓာတ်ပုံ-မဇ္ဈိမ**

**နိုဝင်ဘာ ၂၉၊ ၂၀၁၈**

ဌာနပိုင်အဆောက်အဦများ ဆောက်လုပ်မှုတွင် အရည်အသွေးစံချိန်စံညွှန်းနှင့် ပတ်သက်ပြီး စစ်ဆေးနေမှုအား သိရှိလို ကြောင်း သာပေါင်းမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မိုးဝါက ရောဝတီတိုင်းဒေသကြီး လွှတ်တော်တွင် မေးမြန်းခဲ့သည်။

"၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင် ရွက်သည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၊ ဝန်ထမ်းအိမ်ရာ တည်ဆောက် ခြင်းလုပ်ငန်းဆိုလျှင် လုပ်ငန်းပြီးဆုံးသည့် တိုင်အောင် ကျွန်မတို့ လွှတ်တော်ကိုယ်စား လှယ်များ သိရှိခဲ့ရခြင်း မရှိပါဘူး။ ဒီလုပ်ငန်း တွေနဲ့ အလားသဏ္ဍာန်တူ လုပ်ငန်းများစွာ ဟာ အခြားဌာနအသီးသီးမှာလည်း ရှိနေပါ တယ်။ ပွင့်လင်းမြင်သာမှုမရှိသော အခြေ အနေတွေကို ထိန်းကျောင်းကြပ်မတ်ဖို့ဆိုပါ လျှင် ပွင့်လင်းမြင်သာပြီး ထိရောက်တဲ့ အရည်အသွေးစိစစ်ရေးအဖွဲ့တွေ ဖွဲ့စည်း တာဝန်ပေးအပ်ဖို့မဖြစ်မနေ လိုအပ်ပါတယ်" ဟု ဒေါ်ခင်မိုးဝါက မေးခဲ့သည်။

ထို့အပြင် သာပေါင်းမြို့နယ်တွင် ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် မြို့နယ်မီးသတ်ဦးစီးဌာနရုံး ခြံစည်းရိုးကာရံ ခြင်းလုပ်ငန်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲ ရေးနှင့်စာရင်းဦးစီးဌာနရုံး အမှုတွဲခန်းတည် ဆောက်ခြင်းလုပ်ငန်းများသည် နိုင်ငံတော် ဘဏ္ဍာငွေများစွာ အကုန်အကျခံ တည် ဆောက်ခဲ့သောလုပ်ငန်းများဖြစ်ပြီး လုပ်ငန်း ပြီးဆုံးချိန်မှသာ စစ်ဆေးပေးရန် အသိပေး အကြောင်းကြားလာခဲ့ကြောင်း ဒေါ်ခင်မိုးဝါက တိုင်းဒေသကြီးလွှတ်တော်တွင် ပြောခဲ့သည်။

"အရည်အသွေး စံချိန်စံညွှန်းပြည့်မီခြင်း ရှိမရှိကို တင်ဒါခေါ်ယူစဉ်က သက်ဆိုင်ရာ ဌာနက ဖွဲ့စည်းထားတဲ့ အရည်အသွေးစစ် ဆေးရေးကော်မတီဖြင့် စဉ်ဆက်မပြတ် စစ် ဆေးရမှာဖြစ်ပါတယ်။ အခါအားလျော်စွာ သက်ဆိုင်ရာမှ အရည်အသွေးစစ်ဆေးပေး ပါရန် ညှိနှိုင်းလာပါက မြို့နယ်တည်ဆောက် ရေးလုပ်ငန်းစိစစ်ရေး ကော်မတီအနေဖြင့် စစ်ဆေးပေးလျက်ရှိပါတယ်။ ၎င်းစစ်ဆေးမှုနဲ့ မလုံလောက်ပါက သက်ဆိုင်ရာဌာနရဲ့လိုအပ် ချက်အရ တိုင်းဒေသကြီးတည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီဖြင့် ဖွဲ့စည်းထားတဲ့ ဒေသပညာရှင်များပါဝင်တဲ့ Third Party အဖွဲ့ များနဲ့ အရည်အသွေးစစ်ဆေးပေးလျက် ရှိပါ ကြောင်း တင်ပြလိုပါတယ်"ဟု ရောဝတီ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က ပြောသည်။

**(ကိုးကား:-http://www.mizzimaburmese.com/article/52781)**

# ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်၏ လပေါင်းသုံးဆယ် (ဒုတိယပိုင်း)

*(ယခင်အပတ်မှအဆက်)*

အချို့အဆိုများမှာ ပြည်နယ်အစိုးရမှ ဆောင်ရွက်ပေးနိုင်သည့်အဆိုများဖြစ်သလို အချို့အဆိုများမှာ ပြည်ထောင်စုအစိုးရသို့ တင်ပြတောင်းဆိုဆောင်ရွက်ရမည့် အဆိုများလည်းဖြစ်သည်။ ဤအဆိုများသည် ဒေသခံပြည်သူများအတွက် အမှန်တကယ်လိုအပ်သောကိစ္စရပ်များဖြစ်၍ တင်ပြခြင်းလည်းဖြစ်သည်။ ရခိုင်ပြည်နယ်လွှတ်တော်တွင် မတူကွဲပြားသည့်ပါတီများမှ ကိုယ်စားလှယ်များ ပါဝင်နေသော်လည်း အဆိုအများစုတွင် အားလုံးတစ်သံတည်းထွက်ကာ အဆိုများအား ကန့်ကွက်သူမရှိအတည်ပြုနိုင်ခဲ့သည်။ ထို့အတူ အဆိုအများစုကို တင်သွင်းရာ၌ ပြည်နယ်အစိုးရကလည်း ကန့်ကွက်ခြင်းမပြုဘဲ ထောက်ခံဆွေးနွေးခဲ့သည်များ ရှိခဲ့သည်။

## ကတိကဝတ်များ

လွှတ်တော်မှ အတည်ပြုလိုက်သည့် အဆိုများအားလည်း အစိုးရအဖွဲ့မှ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တာဝန်ရှိပေသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဝန်ကြီးချုပ်အပါအဝင် ပြည်နယ်ဝန်ကြီးသုံးဦး၊ တပ်မတော်သားကိုယ်စားလှယ်ဝန်ကြီးတစ်ဦး၊ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဝန်ကြီးတစ်ဦးနှင့် ပြင်ပတတ်သိပညာရှင် ဝန်ကြီးသုံးဦး ပါဝင်လျက်ရှိသည်။ အဆိုအများစုတွင် ကန့်ကွက်မှုများမရှိခဲ့ခြင်းမှာ ရခိုင်ပြည်နယ်လွှတ်တော်နှင့် အစိုးရ အဖွဲ့တို့အကြား သဟဇာတဖြစ်မှုကိုလည်း မြင်တွေ့ရသည်ဆိုပြား ကတိကဝတ်များအပေါ် အစိုးရအဖွဲ့မှ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်မှုမှာ အားနည်းနေသေးကြောင်း လေ့လာဆန်းစစ်သူများက ဝေဖန်သုံးသပ်ကြသည်။

ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကလည်း (အဋ္ဌမအကြိမ်ပုံမှန်အစည်းအဝေး) ကျင်းပပြုလုပ်သော လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသော မေးခွန်းများကိုလည်း အစိုးရအဖွဲ့မှ ကြိုးစားပြီး ဖြေဆိုထားသည်များကို တွေ့ရပါကြောင်း၊ အဆိုများနှင့်ပတ်သက်၍လည်း အစိုးရအဖွဲ့မှ ကန့်ကွက်မှု မပြုလုပ်ခဲ့သည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် ကျောက်နီမော်ကျေးရွာတွင် ဘင်္ဂါလီများအားကမန်တိုင်းရင်းသား(လုပ်ကမန်အဖြစ်) မှတ်ပုံတင်ထုတ်ပေးခြင်းနှင့်ပတ်သက်သည့် အဆိုတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလွဲပြီး လွှတ်တော်ကိုယ်စားလှယ်အားလုံး (တပ်မတော်သားကိုယ်စားလှယ်များ အပါအဝင်)က အဆိုကို အတည်ပြုရန် ပူးပေါင်းပါဝင်ခဲ့သည်ကို တွေ့မြင်ရခြင်းဖြင့် ရခိုင်ပြည်နယ်လွှတ်တော်သည် အမျိုးသားရေးနှင့်ပတ်သက်လာလျှင် ပုဂ္ဂိုလ်စွဲမထားဘဲ စည်းစည်းလုံးလုံးရှိခြင်းကို ဖော်ပြခြင်းဖြစ်ရာ ရခိုင်ပြည်နယ်လွှတ်တော်၏ ထူးဆန်းပြီး အားကောင်းသည့် အချက်အလက်ဖြစ်ကြောင်း ထည့်သွင်းမှတ်ချက်ပြု ပြောကြားသွားခဲ့သည်။

လွှတ်တော်၏ အဓိကတာဝန်တစ်ရပ်မှာ စောင့်ကြည့်စစ်ဆေးခြင်းဖြစ်သည်။ အထူးသဖြင့် အစိုးရကိုစောင့်ကြည့်ရန် တာဝန်ရှိသကဲ့သို့ အစိုးရ၏မူဝါဒများ၊ လုပ်ငန်းများ၊ စီမံကိန်းများနှင့် ဥပဒေအကောင်အထည်ဖော်မှုများကို စောင့်ကြည့်ရန် တာဝန်ရှိသည်။ ထို့ကြောင့်ပင် အစိုးရအဖွဲ့မှတင်ပြလာသည့် နှစ်စဉ် ဒေသန္တရစီမံကိန်းများ ရေးဆွဲခြင်းအပေါ် လေ့လာသုံးသပ်ခြင်း၊ ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ပြည်နယ် လွှတ်တော်သည် ပြည်နယ်အစိုးရက ရေးဆွဲတင်ပြလာသည့် မူလခန့်မှန်းခြေ အရ/အသုံးစရိတ်များ ခွဲဝေသုံးစွဲခြင်း၊ ခွင့်ပြုငွေနှင့် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေ သုံးစွဲရမည့် အသုံးစရိတ်များအတွက် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း (ဖြည့်စွက်ခွင့်ပြုငွေ)၊ ရသုံးခန့်မှန်းခြေ ငွေစာရင်းများကို လေ့လာစိစစ်ရသည်။ ဤသို့စိစစ်ရာတွင် ပြည်ထောင်စု၏ ဘဏ္ဍာရေးကော်မရှင်က ချမှတ်ထားသော မူဘောင်အတွင်းမှ သတ်မှတ်ချက်များနှင့်အညီ ဖြစ်/မဖြစ်၊ ဘဏ္ဍာငွေများသုံးစွဲရာတွင် ရေမြေဒေသအား ထိရောက်စွာ အကျိုးပြုစေမည့် လုပ်ငန်းစီမံကိန်းများ ပါဝင်ခြင်း ရှိ/မရှိတို့အား လေ့လာဆန်းစစ်ကြရသည်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်များကို တိုးမြှင့်ခြင်း၊ ပြည်သူလူထုကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့်အသုံးစရိတ်များကို ဦးစားပေးသုံးစွဲခြင်း၊ စီမံကိန်းများအား ဦးစားပေးအဆင့်ခွဲခြား၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပစ္စည်းဝယ်ယူမှုများအား ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ခြင်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့်စိုက်ပျိုးရေးရေ လုံလောက်စွာ ရရှိရေးအတွက် ဦးစားပေးသုံးစွဲခြင်း ရှိ/မရှိ စသည်များကို အခြေခံစိစစ်လျက် ပြည်နယ်အစိုးရမှတင်ပြလာသည့် ပြည်နယ် အရ/အသုံး ခန့်မှန်းခြေငွေစာရင်းများကိုလည်း လိုအပ်သည်များကို ထောက်ပြဝေဖန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ဒုတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်သည် နှစ်စဉ်နှစ်တိုင်းပင် ပြည်နယ်အစိုးရမှတင်ပြခဲ့သည့် ဘဏ္ဍာရေးနှစ်အလိုက် မူလရသုံးခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေများကို ဆွေးနွေးခဲ့ ကြသည်။ ၂၀၁၆-၂၀၁၇ ခုနှစ် နောက်ထပ်ဘဏ္ဍာငွေခွဲ ဝေသုံးစွဲရေးဥပဒေကို လေ့လာဆွေးနွေးရာတွင် ဥပဒေမှသတ်မှတ် ပြဋ္ဌာန်းထားသည့် အချက်အလက်များနှင့် ကိုက်ညီခြင်းမရှိဘဲ ဖြည့်စွက်တင်ပြတောင်းခံထားသည့် လုပ်ငန်းများကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ထောက်ပြဝေဖန်ခဲ့ကြသည်။ အထူးသဖြင့် တည် ဆောက်ပြီးစီးနေပြီဖြစ်သော လုပ်ငန်းများအတွက် နောက်ဆက်တွဲရန်ပုံငွေတွင် ဖြည့်စွက်တောင်းခံလာခြင်း၊ လုပ်ငန်းစီမံကိန်းအချို့တွင် မလိုလားအပ်သော လုပ်ငန်းများကို တင်ပြတောင်းခံလာခြင်းများကို စိစစ်တွေ့ရှိခဲ့သဖြင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များကဆွေးနွေးပြီး တင်ပြတောင်းခံငွေအနက် ၆၄၁ ဒသမ ၀၀ သန်းကို လည်းကောင်း၊ ၂၀၁၈ ခုနှစ် ကာလတို ဘတ်ဂျက်ကာလတွင်လည်း သန်း ၇၀၀ နီးပါးကိုလည်းကောင်း လွှတ်တော်မှ ဖြတ်တောက်ခဲ့ရသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

**(ရည်ညွှန်း-ရခိုင်ပြည်နယ်လွှတ်တော်မှထုတ်ဝေသည့် ရခိုင်လွှတ်တော် ဂျာနယ်များ)**

**(ကိုးကား- Development Media Group - www.dmediag.com က ဖော်ပြခဲ့သော ကျွန်းသားငမန်း၏ ဆောင်းပါးမှကောက်နုတ်ဖော်ပြသည်။)**



ရန်ကုန်တိုင်းလွှတ်တော် ကျင်းပနေစဉ်။
ဓာတ်ပုံ-ရန်ကုန်တိုင်းဝန်ကြီးချုပ် ဖေ့စ်ဘွတ်စာမျက်နှာ

## ဆိပ်ကမ်းမြို့နယ်မှ အနိုင်ရကိုယ်စားလှယ်နှင့် တပ်မတော်သား ကိုယ်စားလှယ်တို့ တိုင်းလွှတ်တော်တွင် ကတိသစ္စာပြု

**နိုဝင်ဘာ ၂၉၊ ၂၀၁၈**

၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ်(အမှတ် ၂) မှ အနိုင်ရရှိခဲ့သော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးအောင်နှင့် တပ်မတော်သားကိုယ်စားလှယ် ၆ ဦးတို့သည် ရန်ကုန်တိုင်းလွှတ်တော်တွင် လက်မှတ်ရေးထိုး ကတိသစ္စာပြုခဲ့ကြသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၈)ကို နိုဝင်ဘာ ၂၉ ရက် နေ့တွင်ကျင်းပခဲ့ပြီး ကိုယ်စားလှယ်အသစ်များ ကတိသစ္စာပြုခဲ့ကြခြင်းလည်းဖြစ်သည်။

ဆိပ်ကမ်းမြို့နယ်မှ အနိုင်ရခဲ့သည့် ပြည်ခိုင်ဖြိုးပါတီဝင် ဦးနေမျိုးအောင်သည် ၂၀၁၅ ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီး ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ ပြန်လည်အနိုင်ရခဲ့သူ ဖြစ်သည်။ ထို့အပြင် ပြည်ခိုင်ဖြိုးပါတီမှ အနိုင်ရလွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးအောင်ကို ရွေးကောက်ပွဲတရားမဲ့ပြုကျင့်မှုဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ NLD ပါတီဘက်မှ ကန့်ကွက်လွှာတင်သွင်းရန် ရှိနေကြောင်းလည်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် တာမွေမဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဆိပ်ကမ်းမြို့နယ် အမှတ် ၂ မဲဆန္ဒနယ်တွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်းဖြစ်ပြီး ဆိပ်ကမ်းမြို့နယ်မဲဆန္ဒနယ်သည် ကိုယ်စားလှယ် ၉ ဦး အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မဲဆန္ဒနယ်လည်းဖြစ်သည်။

**(ကိုးကား-www.mizzimaburmese.com)**

## လပွတ္တာမြို့နယ်မှ သားဖွားဆရာမအား တိုင်ကြားထားမှုကို တိုင်းလွှတ်တော်သို့ အစီရင်ခံစာ တင်ပြ

**နိုဝင်ဘာ ၂၇၊ ၂၀၁၈**

လပွတ္တာမြို့နယ်၊ ကျောက်တန်းကြီးကျေးရွာအုပ်စု၊ နေရာပုံချီကျေးရွာမှ သားဖွားဆရာမအား တိုင်ကြားမှုကို လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရာကော်မတီ၏ စစ်ဆေးတွေ့ရှိချက်အား တိုင်းလွှတ်တော်သို့ တင်သွင်းခဲ့ကြောင်း သိရသည်။

"စစ်ဆေးတွေ့ရှိချက်များအရ ကလေးမီးဖွားခြင်းအတွက် ငွေကြေးလက်ခံရယူနေကြောင်း သုံးသပ်ရပါသည်။ INGO အဖွဲ့များမှ ထောက်ပံ့ပေးသော ငွေကြေးများတောင်းခံရန်အတွက်သားဖွားဆရာမ ဒေါ်စန္ဒာဝင်းမှ ထောက်ခံချက်များရယူရာတွင် ငွေကြေးတောင်းခံခဲ့သည်မှာ မှန်ကန်ကြောင်း သုံးသပ်ရပါသည်"ဟု ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရာကော်မတီမှ ဦးခင်မောင်ဇော်က တိုင်ကြားစာနှင့်ပတ်သက်ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက် အကြံပြုချက်အား ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းခဲ့ခြင်းဖြစ်သည်။

ကော်မတီက အကြံပြုချက်များတွင် ကလေးမွေးစာရင်းပြုလုပ်ခြင်း၊ ကလေးမီးဖွားခြင်းများတွင် ငွေကြေးရယူမှုများဖြစ်ပေါ်လျက်ရှိခြင်းကြောင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် အလားတူကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်သင့်ကြောင်း၊ ထို့အပြင် ကိုယ်ဝန်ဆောင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ငွေကြေးတောင်းခံမှုများကို စိစစ်တွေ့ ရှိရသောကြောင့် နိုင်ငံတော်မှ ကျခံ ဝယ်ယူသုံးစွဲသော ဆေးဝါးများ အလေလွင့်မရှိဘဲ ပြည်သူများထံ အခမဲ့ရရှိနိုင်ရေးအတွက် ဌာနမှကြီးကြပ်ဆောင်ရွက်သင့်ကြောင်း တိုင်းဒေသကြီးလွှတ်တော်တွင် တင်ပြခဲ့သည်။

"စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်များအရ သားဖွားဆရာမဒေါ်စန္ဒာဝင်းသည် ငွေကြေးတောင်းခံခြင်း၊ ကျေးရွာနေ ပြည်သူများနှင့် ဆက်ဆံရေးမပြေလည်ခြင်း ယခင်တာဝန်ထမ်းဆောင်ခဲ့သော ကျောက်မှော်ကျန်းမာရေးဌာနခွဲနှင့် ကျောက်ဖြူကျန်းမာရေးဌာနခွဲများတွင်လည်း ငွေကြေးတောင်းခံမှုများကြောင့် အကြိမ်ကြိမ် တိုင်ကြားခံရပြီး ပြောင်းရွှေ့ခဲ့ရကြောင်း ထင်ရှားသဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ထိရောက်သော အရေးယူမှုဆောင်ရွက်သင့်ကြောင်း အကြံပြုပါတယ်"ဟု ဦးခင်မောင်ဇော်က ပြောကြားခဲ့သည်။

**(ကိုးကား- www.mizzimaburmese.com)**